**Taw Win Kha Yay (Sex Workers in Myanmar) Network**

No. 30(A), Parami Road, Ward (8), Yankin Township, Yangon, Myanmar
**Ph**: (+95) 09 98 57 57 466 **Email**: HO@swimnetwork.org

# Vacancy Announcement

(18/2025)

Date – 5 July 2025

| | |
|---|---|
| ခေါ်ယူသည့် ရာထူး | Guard |
| လိုအပ်သောဦးရေ | ၁ ဦး |
| အစီရင်ခံစာ တင်ရမည့်သူ | Admin HR officer |
| တာဝန်ကျသည့် မြို့ | ရန်ကုန် |
| စာချုပ်သက်တမ်း | July 2025 to December 2025(including 1 months' probation period) |

**ကွန်ရက်၏ နောက်ခံသမိုင်းကြောင်း**

တော်ဝင်ခရေကွန်ရက်သည် ၂၀၁၁ ခုနှစ်၊ ဧပြီလတွင် စတင်ဖွဲ့စည်းခဲ့သော အစိုးရမဟုတ်သည့် လူမှုအဖွဲ့အစည်းတခုဖြစ်ကာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားသည့် ပြည်တွင်း လူမှုကွန်ရက်အဖွဲ့အစည်း တခုဖြစ်ပါသည်။

တော်ဝင်ခရေသည် မြန်မာနိုင်ငံတဝှမ်းလုံးရှိ လိင်လုပ်ငန်းဖြင့် အသက်မွေး ဝမ်းကျောင်းပြုနေသော အမျိုးသမီး များနှင့် ကွန်ရက်ချိတ်ဆက်ထားပြီး ၎င်းတို့၏ ကျန်းမာရေး၊ လူမှုရေးနှင့် အခြေခံ လူ့အခွင့်အရေးများ ရရှိရေး စသည်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။

၂၀၁၁ ခုနှစ်၊ ဧပြီလတွင် ပျိုးပင်၏ပံ့ပိုးကူညီမှုဖြင့် နိုင်ငံတစ်ဝှမ်းလုံးရှိဒေသ (၁၀) ခုမှ (Female Sex Workers - FSW) - ၃၅ ဦးတို့သည် "တော်ဝင်ခရေ " အမည်ဖြင့် ကွန်ရက်ချိတ်ဆက် ဆောင်ရွက်ခြင်းကို စတင်အကောင်အထည်ဖော်ခဲ့ကြသည်။ ယခုအချိန်တွင် မြန်မာတစ်နိုင်ငံလုံးအနေဖြင့် ဒေသပေါင်း (၃၁) ဒေသရှိ (Female Sex Workers) များနှင့်အတူ တော်ဝင်ခရေ ကွန်ရက်၏ CC/EC များသည် ကွန်ရက်၏ လုပ်ငန်းစဉ်များအား ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော် လုပ်ဆောင်လျက် ရှိသည်။

**တာဝန်နှင့် ဝတ္တရားများ**

Guard သည် တော်ဝင်ခရေကွန်ရက်၏ ချမှတ်ထားသော အောက်ပါ တာဝန်နှင့် ဝတ္တရားများအား ထမ်းဆောင်ရမည်။

- မိမိတာဝန်ထမ်းဆောင်ရာ ရုံးအဆောက်အအုံ အတွင်းအပြင် လုံခြုံရေးကို စောင့်ကြည့်တာဝန်ယူရန်

- ရုံးချိန်တွင်း/ရုံးချိန် ပြင်ပ တွင် ရုံးသို့လာရောက်သော ပုဂ္ဂိုလ်များကို စောင့်ကြည့်ခြင်း ညှိ့ မှတ်တမ်းများ စာရင်းသွင်းရန်
- ရုံးရှိပစ္စည်းများအား မပျောက်ဆုံးအောင် ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိပြီး အကယ်၍ ပျောက်ဆုံးမှု တစုံတရာရှိပါကမိမိ တာဝန်ခံ အရာရှိထံ ချက်ချင်း သတင်းပို့ရန်
- တာဝန်ချိန်အတွင်း သူခိုး သူဝှက်အန္တရာယ် ၊ မီးဘေး အန္တရာယ် စသော လုံခြုံရေး ကိစ္စများ ကို သေချာစောင့်ကြပ် ကြည့်ရှုရန်
- ရုံးအတွင်း အချိန်နှင့် တပြေးညီ လျှပ်စစ်မီးသုံးစွဲမှု အဆင်ပြေစေရန် ကူညီ လုပ်ဆောင်ရန်
- မီးမလာချိန်တွင် မီးစက် အဆင်သင့် အသုံးပြုနိုင်ရန် မီးစက်ဆီ ဝယ်ယူရေး လုပ်ငန်း  ဆောင်တာများလုပ်ဆောင်ရန်။
- ရုံးလုံခြုံရေးအတွက် တာဝန်ချိန် အတွင်း မိမိညှိ့သည်များကိုအချိန်ကြာမြင့်စွာ ရုံးတွင်ခေါ်ယူခွင့် မပြုရန်
- ရုံးတွင်း လုပ်ငန်းဆောင်တာများတွင် လိုအပ်ပါက ပါဝင်လုပ်ဆောင်ရန်
- တာဝန်ခံ မှ အခါ အားလျော်စွာပေးအပ်သော အလုပ်တာဝန်များကို ကူညီ ထမ်းဆောင်ရန်

**<u>လိုအပ်သော အရည်အချင်းများ</u>**

- အခြေခံ ပညာ အထက်တန်းဆင့်ရှိရမည်။
- သွက်လက်ချက်ချာပြီး အလုပ်ကို မခိုမကပ် လုပ်နိုင်သူ ဖြစ်ရမည်။
- ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။
- အကျင့်စာရိတ္တ ကောင်းမွန်ပြီး အရက်သေစာ မူးယစ်ဆေးဝါး မသုံးစွဲသူ ဖြစ်ရမည်။
- ဦးတည်အုပ်စုများကို ခွဲခြားဆက်ဆံမှုကင်းပြီး အဖွဲ့နှင့် ပူးပေါင်း လုပ်ဆောင်နိုင်သူ /ထိခိုက် ခံစားလွယ်သူများ၏ အရေးအရာများကို ဆောင်ရွက်နိုင်သူဖြစ်ရမည်။
- တော်ဝင်ခရေမှ ချမှတ်ထားသော စည်းမျည်းစည်းကမ်းများ ကို တိကျစွာ လိုက်နာနိုင်သူ ဖြစ်ရမည်။

*****တော်ဝင်ခရေသည် သာတူညီမျှ အခွင့်အရေးပေးပြီး လျှောက်ထားသူများ အားလုံး၏ အရည်အချင်း အပေါ်အခြေခံ ၍ စဉ်းစားသည်။ လူမျိုး ဘာသာ လိင်(ကျား/မ) လူမျိုးရေး အိမ်ထောင်ရေးအခြေအနေနှင့် မသန်စွမ်းမှုများအပေါ်ဆက်စပ်စဉ်းစားမည်မဟုတ်ပါ။**
*****(FSW/MSM) ဦးတည် အုပ်စုများ ၎င်းတို့နှင့်ဆက်စပ် ဆက်နွယ်သူများ လျှောက်ထားရန် အထူးအလေးပေး တိုက်တွန်းပါသည်။**

**<u>ပေးပို့လျှောက်ထားရမည့်လိပ်စာ</u>**

အမှတ် (၃၉/ H-1)၊ မဥ္ဇူလမ်း၊ (၉) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
Email: HR@swimnetwork.org  ဆက်သွယ်ရန် -၀၉ ၂၅၉ ၀၇၃ ၄၁၅

လျှောက်လွှာပိတ်ရက် ။ ။ **<u>၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ( 9 ) ရက်၊ အင်္ဂါနေ့ ညနေ (၅း၀၀)</u>**

အလုပ်လျှောက်ထားသူသည် အလုပ်လျှောက်လွှာနှင့်အတူ ပတ်စပို့ ဓါတ်ပုံ (၁)ပုံ၊ ထောက်ခံပေးမည့်သူ နှစ်ဦး၏ အမည်၊ ရာထူး၊ ဖုန်းနံပါတ်များ (မဖြစ်မနေ ပါရမည်) နှင့်တကွ email /သို့မဟုတ် လူကိုယ်တိုင် ပေးပို့ လျှောက်ထားနိုင်ပါသည်။
Interview short list တွင်ပါဝင်သူများကိုသာ ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါသည်။